Restoration Council of the Shan State

**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**

**နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်**

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၂)ရက်

၁။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အနေဖြင့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ လက်ရှိနိုင်ငံရေး အထွေထွေအကျပ်အတည်းများ ဖြေရှင်းရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရေးတို့အား ရည်မှန်း၍ ဖိတ်ခေါ်ချက်အရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးရန် ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်နေ့တွင် RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ သွားရောက်ခဲ့ပါသည်။

၂။ နေပြည်တော်ခရီးစဉ်အတွင်း RCSS ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ဩဂုတ်လ (၃၀)ရက်နေ့မှ စက်တင်ဘာလ (၁)ရက်နေ့အထိ ဆက်လက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

၃။ နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် (၃)ရက်တာ တွေ့ဆုံဆွေးနွေးရာတွင် လက်ရှိနိုင်ငံရေး အထွေထွေအကျပ်အတည်း ဖြေရှင်းရေးအတွက် RCSS၏ ငြိမ်းချမ်းရေးလမ်းပြမြေပုံ၊ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ RCSS၏ ဖက်ဒရယ်အခြေခံမူများ၊ ယုံကြည်မှု တည်ဆောက်ရေး ဆိုင်ရာလုပ်ငန်းများ၊ ဒေသခံ ပြည်သူလူထုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများအား RCSS ကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးခဲ့ပြီး နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်း၊ ဇယား (၂) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေပြုစာရင်း၊ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁) (၂)နှင့် (၃)ပါ သဘောတူညီချက်များအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ လေ့လာသုံးသပ်ချက်များနှင့် အခြားအကြောင်းအရာများကို ဆွေးနွေး ရှင်းလင်းခဲ့ပါသည်။

၄။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူ များအပေါ် နှစ်ဖက် ရပ်တည်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရန် အချိန်လိုအပ်ခြင်း၊ နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့က ဆွေးနွေးသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအပေါ် RCSS ကိုယ်စားလှယ်အဖွဲ့က ပြန်လည်ဆွေးနွေးရန် အဆင့်သင့်မဖြစ်ခြင်း၊ RCSS၏ အဆိုပြုချက်များကိုလည်း ပြန်လည်ဆွေးနွေးရန်အတွက် နိုင်ငံတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့က ပြင်ဆင်ချိန်လိုအပ်သဖြင့် နောင်တွေ့ဆုံပွဲများတွင် နှစ်ဖက် အဆိုပြုချက်များအား ဆက်လက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းသွားရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ


ဆက်သွယ်ရန်-

၁။ ဗိုလ်မှူး ခမ်းစံ - +၆၆ ၆၄၉ ၇၀၄ ၀၆၁

၂။ ဒုတိယဗိုလ်မှူးကြီး အုမ်ခေး - +၉၅ ၉၆၅ ၀၄၁ ၇၃၆၀